# အမြတ်ခွန်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၁ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)
၁၃၇၃ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) အမြတ်ခွန်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေသည် ၂၀၁၁ -၂၀၁၂ စည်းကြပ်နှစ်အတွက်မှစ၍ အာဏာတည်စေရမည်။

၃။ (က) ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက်မှစ၍ အမြတ်ခွန်ဥပဒေအရ စည်းကြပ်ရန်ကိစ္စရပ်များကို ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် အခွန်ထမ်းက အမြတ်ခွန်ဥပဒေပုဒ်မ ၁၂ အရ ပေးသွင်းထားသော အခွန်ကို ခုနှိမ်ပေးရမည်။

၄။ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မတိုင်မီက အမြတ်ခွန်ဥပဒေအရ စည်းကြပ်ရန်ကိစ္စရပ်များနှင့် ဆောင်ရွက်ဆဲ ကိစ္စရပ်များကို အမြတ်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅။ အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ အရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအဖြစ် ဆက်လက်အကျိုးသက်ရောက်စေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်